## မဂ္ဂင်ကျောင်းတိုက်ချိတ်ပိတ်ခံရသဖြင့် ဖဲကြိုးနီ **AIDS** ရောဂါသည် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ထိခိုက်
၃၀ နိုဝင်ဘာ ၂၀၀၇

မဂ္ဂင်ကျောင်းတိုက်ဆိုတာက သာမန်ဘာသာရေးဘုန်းကြီးကျောင်းမဟုတ်ပဲ အေစ် AIDS ဝေဒနာရှင်တွေကို လက်ခံကုသပေးနေတဲ့ လူမှုရေးလုပ်ငန်းတွေလုပ်တော့ အခု မဂ္ဂင်ကျောင်းတိုက်ချိတ်ပိတ်ခံရတာနဲ့ပတ်သက်လို့ ဒီလုပ်ငန်းတွေအပေါ် ဘယ်လောက်အထိ နစ်နာမှုတွေဖြစ်နိုင်သလဲဆိုတာနဲ့ ပက်သက်ပြီး ဦးသားညွန့်ဦးက ဆက်သွယ် မေးမြန်းထားပါတယ်။

မဂ္ဂင်ကျောင်းတိုက်မှာ ပုံမှန်ဆိုရင် အေစ်ဝေဒနာရှင်တွေ ဆယ်ဂဏန်းလောက်ကို လက်ခံ ကုသပေးနေတဲ့နေရာပါ။ နယ်ကလာတဲ့ ရောဂါသည်တွေကို နေရေးထိုင်ရေး စားရေးသောက်ရေးကအစ စီစဉ်ပေးပြီး၊ ကူညီစောင့်ရှောက်မှုလုပ်ငန်းတွေကိုလည်း လုပ်နေတာပါ။ ဒါဟာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဖွဲ့စည်းထားတဲ့ ဖဲကြိုးနီ AIDS ဝေဒနာသည်တွေ စောင့်ရှောက်ရေးအဖွဲ့ရဲ့ လုပ်ငန်းတစိတ်တပိုင်း သဘောဖြစ်နေပါတယ်။ ဒီအဖွဲ့ဟာလည်းဆိုရင်လည်း ပြီးခဲ့တဲ့ စက်တင်ဘာ အောက်တိုဘာ လှုပ်ရှားမှုပြီးကတည်းက အဓိကလုပ်နေသူတွေက အဖမ်းခံရ၊ အချို့ ရှောင်တိမ်းနေရနဲ့ အခြေအနေက ပုံမှန်တော့ မဟုတ်ဘူးလို့ ဆိုရမှာပါ။ မြန်မာနိုင်ငံမှာကလည်း ကြံခိုင်ရေးအဖွဲ့သဘောက လွဲလို့ အခြားလွတ်လွတ်လပ်လပ် လူမှုရေးလုပ်လိုတဲ့ အဖွဲ့တွေအတွက်တော့ ငွေကြေးရော နေရာရော ခက်ခဲလွန်းပါတယ်။ ဒီတော့ မဂ္ဂင်ကျောင်းတိုက် အခုလို ချိတ်ပိတ်ခံရတဲ့အတွက် ဖဲကြိုးနီ အေစ်ရောဂါသည်တွေ ကူညီစောင့်ရှောက်ရေးလုပ်ငန်းတွေအတွက် ဘယ်လောက်အထိ ထိခိုက်နစ်နာမှုတွေရှိနိုင် သလဲ၊ ဖဲကြိုးနီ အဖွဲ့က မဖြူဖြူသင်းက ရှင်းပြပါဦးဗျာ။

ဒီကျောင်းမှာဆိုလို့ရှိရင် တိုင်းနဲ့ ပြည်နယ်အသီးသီးက လာရောက်ပြီး တည်းခိုနေတဲ့ ဝေဒနာသည်တွေလည်း အများအပြားရှိပါတယ်။ မဂ္ဂင်ကျောင်းက ဆရာတော်ကိုယ်တိုင်ကနေရော သူကိုယ်တိုင် ဆွမ်းခံပြီးတော့ ဒီကျောင်းမှာနေနေတဲ့ ဝေဒနာသည်တွေကို သူက တက်နိုင်သလောက်ကျွေးမွေးထားတယ်။ အဲလိုပဲ လူနာတွေနဲ့ ပက်သက်ပြီး ပြုစုပေးတယ်။ ကျမတို့ အားကုန်လုံး ပူပေါင်းပြီးတော့ မဂ္ဂင်ဆရာတော်နဲ့အခုလို လုပ်ကိုင်နေတာရှိပါတယ်။ အဲလိုမရှိတော့တဲ့ အခါကျတော့ တချို့လူနာတွေဆိုလို့ရှိရင် ဘယ်မှာ တည်းလို့တည်းရမှန်းကို မသိဘူး။ ဒီမဂ္ဂင်ကျောင်းမရှိတော့တဲ့အခါကျတော့ တည်းဖို့ခိုဖို့လည်း အခက်အခဲဖြစ်တယ်။ တချို့ ဝေဒနာသည်တွေ စားရေးသောက်ရေးပါ တော်တော်အခက်အခဲဖြစ်နေတယ်။ အဲဒါကြောင့် လူနာတွေ တော်တော်များများလည်း စိတ်ပျက်ကြတယ်။ နောက် လုပ်ရကိုင်ရတဲ့ အခါမှာလည်း အခက်အခဲတွေ အများကြီးတွေ့ရပါတယ်။

*အခုလက်ရှိ အရင်က ကုသပေးနေတဲ့ အေစ့်ဝေဒနာသည် သူတို့ဘယ်လိုနေသလဲခင်ဗျ။ ဘယ်ရောက်ကုန်ပြီးလဲ။*

လူနာတွေက တကယ်ဆို ဆေးရုံတင်ရမယ့် အခြေအနေမဟုတ်ဘူး။ အဲလိုပဲ သူတို့ ကိစ္စတခုခုဖြစ်လို့ရှိရင် ဒီကျောင်းမှာ လူနာတွေ မရှိစေချင်ဘူးဆိုရင် လူနာတွေကို ခေါ်ပြီး ဆေးဝါးကုသပေးမယ်ဆိုပြီးတော့ ဆေးရုံပေါ်ကို တင်လိုက်တယ်။ ဒါပေမဲ့ သူတို့ ဘာဆေးမှ မပေးဘူး။ မပေးတဲ့အပြင်ဆိုလို့ရှိရင် သူတို့ အဲဒီတုန်းက တင်ပေးလိုက်တဲ့ လူနာတွေထဲမှာ ရေနံချောင်းက ဝေဒနာသည် တယောက်ဆိုလို့ရှိရင်

ဆေးဝါးကုသမှုလိုနေတယ်။ ဒါပေမဲ့ ဆေးရုံမှာ ဘာကုသမှုမှ မရတဲ့ အခါကျတော့ သူတို့ ရေနံချောင်းကို ပြန်ပို့လိုက်တယ်။ အတင်းပဲ ကားလက်မှတ်ဖြတ်ပြီး ကားပေါ်တင်ပေးလိုက်တယ်။ ဟိုရောက်တော့ လူနာက ဆုံးပါးသွားတယ်။ နောက်တဦးလည်း အဲဒီလိုပဲ ဘုန်းကြီးကျောင်းက တက်သွားတုန်းကတော့ အကောင်းပဲ။ ဆေးရုံပေါ်ရောက်တော့ တော်တော်ကြီး အခြေအနေစိုးပြီး၊ လူနာတွေ စိတ်ဓာတ်ကျတာလဲပါတယ်။ လူနာတွေကို မလိုအပ်ဘဲနဲ့ ဆေးရုံတင်စရာမလိုဘူး။ ဆေးရုံတင်တယ်ဆိုတာ နောက်ဆုံးအဆင့်လူနာတွေမှ တင်တာ။ တော်ရုံတန်ရုံ လူနာတွေ ဆိုလို့ရှိရင် တခြားရောဂါတွေ ကူးစပ်မှာ စိုးတဲ့အတွက် အပြင်မှာပဲ ဆေးဝါးကုသတာများတယ်။

အခုဆိုရင် မဖြူဖြူသင်းလည်း ရှောင်တိမ်းနေရတယ်။ နောက်တခုက ဒီ အေစ့် ဝေဒနာရှင်တွေကို လက်ခံပြီးတော့ ကုသပေးနေတယ်။ မဂ္ဂင်ကျောင်းတိုက်ဆိုရင်လည်း အခု ချိတ်ပိတ်ခံနေရတဲ့ အနေအထားမှာ မဖြူဖြူသင်းတို့က ဖဲကြိုးနီ အဖွဲ့ရဲ့ လှုပ်ရှားမှုတွေ ဘယ်လိုအခြေအနေရှိလဲခင်ဗျ။

အဓိကကတော့ ကျမတို့ လုပ်နေတာက HIV AIDSကိစ္စနဲ့ ပက်သက်ပြီး NLDဦးဆောင်မှုအောက်မှာ လုပ်နေတာပါ။ အဲဒါကြောင့် အခုလက်ရှိအခြေအနေမှာလည်း ဒီရုံးချုပ်မှာပဲ လူငယ်တွေက ပြန်ပြီးတော့ ကျန်ခဲ့တဲ့ လူငယ်တွေရယ်၊ ဝေဒနာတွေအားလုံးရုံးကိုလာတယ်။ ရုံးကနေတဆင့် ကျမတို့ အကုန်လုံး ဆောင်ရွက်စရာရှိတာကို ဆက်လက်ပြီး ဆောင်ရွက်ပေးနေပါတယ်။

သူကိုယ်တိုင်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်လည်းဖြစ်သလို အခု ပြီးခဲ့တဲ့လှုပ်ရှားမှုတွေကြောင့် အာဏာပိုင်တွေက လိုက်လံရှာဖွေနေတာခံရတဲ့အတွက် ရှောင်တိမ်း လှုပ်ရှားနေရသူတဦးပါ။ ဒီတော့ အခု မဂ္ဂင်ကျောင်းတိုက်အဖြစ်အပျက်က ရိုးရာအစဉ်အလာအရ အခြား ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွေအတွက်လည်း အတော်လေးတော့ စိုးရိမ်စရာဖြစ်တယ်လို့ သံဃာတော်အချို့က မိန့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာလူမျိုးတွေရဲ့ အစဉ်အလာအရဆိုရင် ဘုန်းကြီးကျောင်းတွေဟာ ဘာသာရေး သက်သက်အတွက် မဟုတ်ပါဘူး၊ လူမှုရေးလုပ်ငန်းတွေ အခြားကူညီစောင့်ရှောက်ရေးလုပ်ငန်းတွေပါ လုပ်နေတဲ့ သဘောကြောင့်ပါတဲ့။ အစိုးရအာဏာပိုင်တွေနဲ့ မပတ်သက်ပဲ လွတ်လွတ်လပ်လပ် လူမှုရေးလုပ်ငန်းလုပ်တယ်ဆိုတာကလည်း ဒီခေတ်ဒီအခါ နိုင်ငံရေးသဘောဆောင်လေတော့ ဘုန်းကြီးကျောင်းတွေကလုပ်နေတဲ့ လူမှုရေး လုပ်ငန်းတွေ ဘယ်လောက်အထိ တားမြစ်ခံရမလဲဆိုတာ စိုးရိမ်ရတဲ့သဘောတော့ ရှိနေပါတယ်လို့ အဲဒီ သံဃာက ပြောပါတယ်။ အခု စက်တင်ဘာလှုပ်ရှားမှုအပြီး လုံခြုံရေး တပ်တွေက စီးနင်းအပြီး အကြမ်းဖက်ခံရတဲ့ ငွေကြာရုံကျောင်းတိုက်ဆိုရင်လည်း ပညာရေးထောက်ပံ့မှုနဲ့ လူမှုရေးလုပ်ငန်းတွေကို အတော်လေးကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ခဲ့ပေမယ့်၊ အခု အရင်လို လုပ်နိုင်မယ့်အခြေအနေ မရှိဘူးလို့ ရန်ကုန်နယ်ခံတွေက ပြောပါတယ်။ ဒါပေမယ့် အချို့ကတော့ မဂ္ဂင်ကျောင်းတိုက်က နိုင်ငံရေးနဲ့အတော်လေးကို နီးစပ်လို့ နိုင်ငံရေးလှုပ်ရှားမှုတွေရှိလို့ အာဏာပိုင်တွေရဲ့ ပစ်မှတ်ထားတာခံရတာလို့ ယူဆကြပါတယ်။